NEW YORK STATE OF OPPORTUNITY. | Division of Human Rights | Department of Labor | Workers' Compensation Board

သင်၏အလုပ်သမား ကိုယ်ဝန်ရှိနေပါသလား (သို့မဟုတ်) နို့တိုက်ကျွေးနေပါသလား
အလုပ်ရှင်အနေဖြင့် သိရှိသင့်သည့် တာဝန်များ

နယူးယောက် ပြည်နယ်၏ ဥပဒေ (New York State Law) ကိုချိုးဖောက် ၍ လုပ်ငန်းခွင်အတွင်း ကိုယ်ဝန်ဆောင် ခွဲခြားဆက်ဆံမှု

<u>ကိုယ်ဝန်ဆောင် ဝန်ထမ်းများ</u>

ကိုယ်ဝန်ဆောင် ဝန်ထမ်းအားအလုပ်မှထုတ်ပယ် လျှင်[1] (သို့မဟုတ်) ကိုယ်ဝန်ရှိလာနိုင်သည့် (သို့မဟုတ်) ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း (သို့မဟုတ်) အခြားသော အခြေအနေများ ပတ်သက်ဆက်နွယ်ပြီး[2] အလုပ်ရှင်သည် အလုပ်သမား အခွင့်ထူး နှင့် သတ်မှတ်ချက်အခြေအနေများ အား ပြောင်းလဲပြင်ဆင်သတ်မှတ်၍မရပါ။ ကိုယ်ဝန်ကြောင့်အလုပ်မခန့်အပ်ခြင်း (သို့မဟုတ်) ရာထူးမတိုးပေးခြင်းအားမပြုလုပ်ရန်။

အလုပ်ရှင်အနေဖြင့် သင်သည်ကိုယ်ဝန်ဆောင် ဝန်ထမ်းအားအတွက် သင့်တင့်လျှောက်ပတ်သော နေရာထိုင်ခင်းအား ကိုယ်ဝန်ဆောင်နှင့်ပတ်သက်၍စီစဉ်ပေးရာတွင် အောက်ပါအချက်များပါဝင်သည်။

- မကြာခဏ အနားပေးခြင်းများနှင့် ရေသောက်စေခြင်း
- အလုပ်ချိန်များအား ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်း
- ကျန်းမာရေးမတွက်လိုအပ်ပါက ဆေးခွင့်များ ပေးခြင်း
- သက်တောင့်သက်သာ ဖြစ်စေသော တာဝန်များသာပေးခြင်း
- အန္တရာယ်ဖြစ်စေနိုင်သောတာဝန်မှ လွှဲပြောင်းပေးခြင်း

ကိုယ်ဝန်ကြောင့် အလုပ်သမားအား သင်သည် ခွင့် ယူခိုင်းခွင့်မရှိပါ။ကိုယ်ဝန်အခြေအနေနှင့်ပတ်သက်၍ ဆေးခွင့် (သို့မဟုတ်) ကလေးမွေးဖွားခြင်းကြောင့် အလုပ်သမားသည်ခွင့် ယူခဲ့လျှင် သင့်သည် အလုပ်သမားတိုင်းအတွက် ပေးထားသော ဆေးခွင့်အချိန်ကာလတစ်လျှောက်လုံး သင့်အလုပ်တာဝန်များအား ထိန်းထားရမည်။ အလုပ်ရှင်အနေသည် ဝန်ထမ်းအားကိုယ်ဝန် နှင့် ကလေးမွေးဖွားခြင်းနှင့်ပတ်သက်ပြီး နယူးယောက် ပြည်နယ် လစာမပျက် မိသားစုခွင့် (Federal Family and Medical Leave Act), နယူးယောက် ပြည်နယ်ကျန်းမာရေးချို့တဲ့သူများ၏အကျိုးခံစားခွင့်ဥပဒေ (New York State Disability Benefits Law) နှင့် နယူးယောက်ပြည်နယ်အစိုးရ မိသားစုနှင့်ဆေးခွင့် ဥပဒေ (New York State Paid Family Leave Law)အခွင့်အရေးအရ အလုပ်ပြန်လည်လုပ်ကိုင်ရန်အခွင့်ရှိရမည်။

---

[1] ဤရည်ရွယ်ချက်ကြောင့်, မည်သည့်အလုပ်ရှင်မဆို သူ (သို့) သူမ၏ အလုပ်အတွက် လေးယောက် (သို့မဟုတ်) လေးယောက်ထက်မက ထားရှိရန် နယူးယောက် ပြည်နယ် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေသည် အလုပ်ရှင်အတွက် သတ်မှတ်ထားခြင်းဖြစ်သည်

[2] ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းနှင့် နို့တိုက်ကျွေးစဉ်ကာလအပါအဝင် ဓာတ်ခွဲခန်းဖေါ်ထုတ် စစ်ဆေးခြင်းနည်းစနစ် (သို့မဟုတ်) ဆေးပညာပိုင်းအရ လက်တွေ့ လက်ခံကျင့်သုံးဖော်ပြ၍ သာမာန် ခန္ဓာကိုယ် လှုပ်ရှားမှုများ၏ဖြစ်စဉ်ကိုတားဆီးသည့် ကိုယ်ဝန်ဆောင်ခြင်း (သို့မဟုတ်) ကလေးမွေးဖွားခြင်း ဆိုင်ရာ ကျန်းမာရေး နှင့်ပတ်သက်သမျှအရာတိုင်းအတွက် အဆိုပါ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ (Human Rights Law) သည် ကာကွယ် ရန် အတွက်ဖြစ်သည်။

<u>မိခင်နို့တိုက်ကျွေးနေသောအလုပ်သမားများ</u>

နယူးယောက် ပြည်နယ်၏ အလုပ်ရှင်များသည် အလုပ်သမားများအား ခွဲခြားဆက်ဆံမရှိရပါ အကြောင်းမှာ သူတို့သည် နို့တိုက်ကျွေးနေသောကြောင့် ဖြစ်သည်။ နယူးယောက်ပြည်နယ်ဥပဒေ(State law) အရ နို့တိုက်ကျွေး မိခင်တိုင်းသည် အလုပ်ခွင်အတွင်း နှိုးဆော်နိုင်အောင် အနားယူရန်အချိန် အဖြစ် အာမခံချက်ရှိရမည်။

- အလုပ်ရှင်အနေဖြင့် ကျိုးကြောင်းဆီလျှော်စွာ အနားယူစဉ်နှင့် ထမင်းစားချိန်တွင်းလစာမဖြတ်ခြင်း (သို့မဟုတ်) လစာဖြတ် အလုပ်ခွင်အတွင်းအနားယူ၍ နှိုးဆော်နိုင်ရန် အခွင့်အရေးအား နေ့စဉ်ပေးရမည်။
- သင်သည်အလုပ်သမားများအား အလုပ်ခွင်နှင့်နီးစပ်သောနေရာတွင် မိခင်နို့ညစ်နိုင်ရန် အလုပ်ရှင်အတွက်အလွန်ခက်ခဲပါလိမ့်မည်မဟုတ်လျှင် သီးသန်းအခန်းတစ်ခန်းအား စီစဉ် ပေးရမည်။
- သင်သည် အလုပ်သမားများ နို့ညစ်နိုင်ရန် အလုပ်ခွင်အတွင်း လုပ်ဆောင်နိုင်သည့်အခွင့်အရေးအား တားဆီးဆန့်ကျင် မှုမပြုလုပ်ရပါ။

<u>လစာမပျက်မိသားစုခွင့်</u>

Governor Cuomo သည် ၂၀၁၆ တွင် တိုင်းပြည် ဥပဒေ၏ ထိရောက်မှုနှင့် ပြည့်စုံမှု အရှိဆုံး သောမိသားစုလစာမပျက်ခွင့် မူဝါအား စိုင်းထိုးခဲ့သည်၊ မိသားစုအတွက်လိုအပ်ချက်အရ ခွင့်ရထားသောအလုပ်သမားများအတွက် အလုပ်ရှင်များအား ထောက်ပံ့ရေး အနေဖြင့် အခမဲ့ ယန္တရားများအား ပေးစေခဲ့သည်။

ဇန်နဝါရီလ (၁) ၂၀၁၈ တွက် နယူးယောက် ပြည်နယ် အလုပ်ရှင်မှအပြည့်အဝငွေကြေးထောက်ပံ့မှုအား လစာရမိသားစုခွင့်အာမခံ အတွက် ပုဂ္ဂလိကအလုပ်ရှင်များအနေဖြင့် လုံခြုံစိတ်ချမှု့ရှိစေရန် လိုအပ်ပါသည်။ အများပြည်သူပိုင် အလုပ်ရှင်ဖြစ်ပါက လစာမပျက် မိသားစုခွင့်အား ရွေးချယ် ကမ်းလှမ်း ပေးပိုင်ခွင့်ရှိသည်။

နယူးယောက် မိသားစုလစာမပျက်ခွင့် အလုပ်အကိုင် ကာကွယ်ရေးဆိုင်ရာအတွက် သင့်ရပိုင်ခွင့်သည်

- ကလေးမွေးဖွားပြီး၊ မွေးစားပြီး (သို့) မွေးစားခံကလေးအတွက်**အချိန်ပေးခြင်း**
- ဆွေမျိုးများအတွက် ကျန်းမာရေး**စောင့်ရှောက်ခြင်းများ**
- စစ်တပ်တွင်တာဝန်ထမ်းဆောင်ရန် သွားရောက်ရသော မိမိချစ်သောမိသားစုဝင်အား **ကူညီဆောင်ရွက်ပေးခြင်း**

မိသားစုလစာ မပျက်ခွင့် (သို့မဟုတ်) ကိုယ်ဝန်နှင့်ကလေးမွေးဖွားခြင်းဆိုင်ရာ ရေတို နာမကျန်းဖြစ်ခြင်းအား အလုပ်ရှင်အား ခွင့်တောင်းရာတွင် အလုပ်ရှင်အနေဖြင့် ခွဲခြား၍ဆန့်ကျင်မှုမပြုလုပ်ရပါ။ မိသားစုလစာ မပျက်ခွင့်သည် အလုပ်သမားအတွက် စိတ်ဓာတ်နှင့် ပြန်လည် ထိန်းသိမ်းမြှင့်တင်လာနိုင်မှုအား တိုးတက်စေသည့်အပြင် ကုန်ကျစရိတ်အားဖြင့်လည်း သက်သာစေပါသည်။

NEW YORK STATE OF OPPORTUNITY. | Division of Human Rights | Department of Labor | Workers' Compensation Board

သတင်းအချက်များအားသိရှိလိုပါက ny.gov/pregnancyrights သို့သွားရောက်လေ့လာနိုင်သည် (သို့မဟုတ်) ၈၁၃၃၆ သို့ "PREGNANT" ဟု စာရိုက်ပြီးပေးပို့နိုင်ပါသည်။

ကိုယ်ဝန် (သို့) ကလေးမွေးဖွားခြင်းနှင့်ပတ်သက်သောကျန်းမာရေးဆိုင်ရာရပိုင်ခွင့်
အခွင့်အရေးများသည် ခွဲခြားဆက်ဆံသည်ဟု မည်သည့်အလုပ်ရှင်တိုင်းမဆိုယုံကြည်ပါက သင်သည် နယူးယောက် ပြည်နယ်
လူ့အခွင့်အရေးဆိုင်ရာ
ဌာနခွဲသို့ တိုင်ကြားစာပေးပို့နိုင်ပါသည်။ dhr.ny.gov သို့ သွားရောက်ကြည့်ရှု့သည့်အပြင်
ဖုန်းနံပါတ် ၁-၈၈၈-၃၉၂-၃၆၄၄ သို့ဆက်နိုင်ပါသည်။